## တတိယအကြိမ် ပြည်သူ့လွှတ်တော် တတိယပုံမှန်အစည်းအဝေး အဋ္ဌမနေ့ (၃၀-၉-၂၀၂၆)
## မေးမြန်းခဲ့သော မေးခွန်းများနှင့် ဖြေကြားချက် အကျဉ်းချုပ်

| စဉ် | မေးခွန်း | အဖြေ |
|---|---|---|
| ၁ | **ဒေါက်တာရွှေပြည်စိုး၊ ဒဂုံမြို့သစ်(ဆိပ်ကမ်း)မဲဆန္ဒနယ်**က ရန်ကုန်မြို့၌ ယာဉ်ကြောကြပ်တည်းမှုနှင့် လမ်းပိတ်ဆို့မှုအတွက် ယာဉ်ကြောဆိုင်ရာ ကိစ္စများကို သိရှိလိုခြင်း မေးမြန်းပါသည်။ | **ပို့ဆောင်ရေးဝန်ကြီးဌာန**က ပြည်သူများ လုံခြုံစိတ်ချပြီး စိတ်ချမ်းမြေ့စွာ သွားလာနိုင်ရေး ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းနှင့် လူစည်းကမ်းများ ညီညွတ်မျှတစေရန် သက်ဆိုင်ရာဌာနများနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း ဖြေကြားပါသည်။ |
| ၂ | **ဦးဝင်းဆွေ(ခ) ဦးဝင်းရွှေ၊ လပွတ္တာမဲဆန္ဒနယ်**က လပွတ္တာမြို့နယ်ရှိ ကိုင်းသောင်၊ ပုံကမာ၊ ရေတွင်းဆိပ်နှင့် ကုန်းကြီးရွာများ၌ School Cum Shelter (၄)လုံး ဆောက်လုပ်မှု ရပ်နားထားသည့်အပေါ် မည်သို့ဆောင်ရွက်မည်ကို သိရှိလိုခြင်း မေးမြန်းပါသည်။ | **လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန**က ရန်ပုံငွေပြန်လည်အပ်နှံထားသည့် ကိုင်းသောင်ကျေးရွာ Shelter အား တိုင်းဒေသကြီးအစိုးရအဖွဲ့ အစီအစဉ်ဖြင့်လည်းကောင်း၊ ကျန် Shelter များအား ဆက်လက်ဆောင်ရွက်နိုင်မည့် ကုမ္ပဏီများဖြင့် ဆောင်ရွက်မည်ဖြစ်ပါကြောင်း ဖြေကြားပါသည်။ |
| ၃ | **ဦးဉာဏ်ဝင်းထိုက်၊ ဗိုလ်တထောင်မဲဆန္ဒနယ်**က အိမ်ရာမဲ့များ၏ဘဝ ရပ်တည်မှုနှင့် လူမှုဖူလုံရေးစနစ်အတွင်း ပြန်လည်ဝင်ရောက်နိုင်စေရေးရန် ကူညီဆောင်ရွက်ပေးမည့် အစီအစဉ် ရှိ၊ မရှိ သိရှိလိုခြင်း မေးမြန်းပါသည်။ | **လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန**က တောင်းရမ်းစားသောက်သူများအား စနစ်တကျစိစစ်ပြီး လူငယ်သင်တန်းကျောင်းနှင့် အသက်မွေးပညာ သင်တန်းကျောင်းများသို့ ပို့ဆောင်၍ သင်ကြားပေးခြင်းနှင့် အလုပ်အကိုင် ရှာဖွေပေးခြင်းတို့ကို ပေါင်းစပ်ဆောင်ရွက်ပေးလျက်ရှိပါကြောင်း ဖြေကြားပါသည်။ |
| ၄ | **ဦးစောမောင်၊ ဆားလင်းကြီးမဲဆန္ဒနယ်**က ကျန်းမာရေးဌာန၏ အောက်ခြေဝန်ထမ်းများ အရည်အချင်းပြည့်မီပါက ရာထူးတိုးစာမေးပွဲဖြေဆိုခွင့် ပုံမှန်ရရှိရေး ရှိ၊ မရှိ သိရှိလိုခြင်း မေးမြန်းပါသည်။ | **ကျန်းမာရေးဝန်ကြီးဌာန**က ၂၀၂၆ ခုနှစ်၊ အောက်တိုဘာလတွင် အရည်အချင်းစစ် စာမေးပွဲများ ကျင်းပပြုလုပ်မည်ဖြစ်ကြောင်း ဖြေကြားပါသည်။ |

| စဉ် | မေးခွန်း | အဖြေ |
|---|---|---|
| ၅ | **ဒေါ်ခင်သန်းမြင့်၊ ငပုတောမဲဆန္ဒနယ်**က ငပုတောမြို့နယ်၊ မန်ကျည်းပင်တိုက်နယ်ဆေးရုံ အဆောက်အဦအား အသစ်ပြန်လည်တည်ဆောက်ပေးရန် အစီအစဉ် ရှိ၊ မရှိ သိရှိလိုခြင်း မေးမြန်းပါသည်။ | **ကျန်းမာရေးဝန်ကြီးဌာန**က မြေပြင်ကွင်းဆင်းစစ်ဆေးပြီး ဆေးရုံဥပမိရုပ်ကောင်းမွန်စေရေးနှင့် ကြံ့ခိုင်ရေးအတွက် ဦးစားပေးလုပ်ငန်းများကို ယခုဘဏ္ဍာနှစ်တွင် ဆောင်ရွက်လျက်ရှိပါကြောင်း ဖြေကြားပါသည်။ |
| ၆ | **ဦးအောင်ကိုလတ်၊ တမူးမဲဆန္ဒနယ်**က တမူးမြို့ ခရိုင်ပြည်သူ့ဆေးရုံအတွက် အထူးကုဆရာဝန်များ ခန့်ထားပို့ဆောင်ရန်၊ လိုအပ်သောဆေးဝါးနှင့် ကျန်းမာရေးပစ္စည်းများအား ပို့ဆောင်ပေးရန် အစီအစဉ်ရှိ၊ မရှိ သိရှိလိုခြင်း မေးမြန်းပါသည်။ | **ကျန်းမာရေးဝန်ကြီးဌာန**က ယခုနှစ် အောက်တိုဘာလအတွင်း ခွဲစိတ်အထူးကုဆရာဝန်(၁)ဦး ခန့်ထားပေးမည်ဖြစ်ပြီး ဆေးနှင့်ဆေးပစ္စည်းများအား ချင်းတွင်းမြစ်ရေကြောင်းလမ်းနှင့် တပ်မတော်ရဟတ်ယာဉ်တို့ဖြင့် ပို့ဆောင်ပေးလျက်ရှိပါကြောင်း ဖြေကြားပါသည်။ |
| ၇ | **ဒေါ်အိဖြူလွင်၊ ဂန့်ဂေါမဲဆန္ဒနယ်**က ဂန့်ဂေါမြို့ ဆေးရုံများ၌ အရေးပေါ်လိုအပ်နေသည့် ဆေးရုံအုပ်နှင့် ဆရာဝန်များ အမြန်ဆုံးစေလွှတ်ပေးနိုင်ခြင်း ရှိ၊ မရှိ သိရှိလိုခြင်း မေးမြန်းပါသည်။ | **ကျန်းမာရေးဝန်ကြီးဌာန**က နယ်မြေလုံခြုံရေးအခြေအနေကို အနီးကပ်စောင့်ကြည့်ပြီး လက်ထောက်ဆရာဝန် (၁)ဦးအား တွဲဖက်တာဝန်ချထားမည်ဖြစ်ပါကြောင်း ဖြေကြားပါသည်။ |
| ၈ | **ဦးနိုင်ဝင်း၊ ဓနုဖြူမဲဆန္ဒနယ်**က ဓနုဖြူမြို့နယ်၊ စခန်းကြီးကျေးရွာရှိ ကြပ်ရိုးကျေးရွာမှ တော်ဖျားအရှေ့ကျေးရွာအထိ ရွာချင်းဆက်လမ်းအား ကျောက်ချောလမ်းအဖြစ် ပြုပြင်ပေးရန် အစီအစဉ် ရှိ၊ မရှိ သိရှိလိုခြင်း မေးမြန်းပါသည်။ | **သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးတိုးတက်ရေးဝန်ကြီးဌာန**က လမ်းပိုင်း (၁)မိုင် (၀.၂၆)ဖာလုံအား မြေသားတာပေါင်ချဲ့ခြင်းနှင့် ကျောက်ရောမြေခင်းခြင်းအား ၂၀၂၇-၂၀၂၈ ဘဏ္ဍာနှစ်တွင် လျာထားဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ဖြေကြားပါသည်။ |
| ၉ | **ဦးကျော်မင်းထွန်း၊ ဇီးကုန်းမဲဆန္ဒနယ်**က ဇီးကုန်းမြို့နယ်၊ အုတ်ဖို-သစ်နဖါးပင်-ရေအိုးစင်ကုန်း-သစ်နဖါးကျေးရွာချင်းဆက် ကျောက်ချောလမ်းအား ပြန်လည်ပြုပြင်ပေးရန် အစီအစဉ် ရှိ၊ မရှိ သိရှိလိုခြင်း မေးမြန်းပါသည်။ | **သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးတိုးတက်ရေးဝန်ကြီးဌာန**က အမာခံလမ်း (၄)ဖာလုံအား မြေသားတာပေါင်ချဲ့ခြင်းနှင့် ကျောက်ချောခင်းခြင်းကို ၂၀၂၇-၂၀၂၈ ဘဏ္ဍာနှစ်တွင် လျာထားဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း ဖြေကြားပါသည်။ |

| စဉ် | မေးခွန်း | အဖြေ |
| --- | --- | --- |
| ၁၀ | **ဦးဝင်းငွေ၊ လယ်ဝေးမဲဆန္ဒနယ်**က လယ်ဝေးမြို့နယ်၊ ပတ္တာကျေးရွာရှိ ရန်ကုန်-မန္တလေးလမ်းဟောင်းနှင့် လေကြောင်းရန် ကာကွယ်ရေး တပ်သို့ ဆက်သွယ်သောလမ်းအား ပြန်လည်ပြုပြင်ပေးရန် အစီအစဉ် ရှိ၊ မရှိ သိရှိလိုခြင်း မေးမြန်းပါသည်။ | **သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးတိုးတက်ရေးဝန်ကြီးဌာန**က ယခု ဘဏ္ဍာနှစ် ပြည်ထောင်စုပြုပြင်ထိန်းသိမ်းခြင်း ရန်ပုံငွေအကန့်အသတ် ဘောင်အတွင်းမှ ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း ဖြေကြားပါသည်။ |
| ၁၁ | **ဦးသန့်ဇော်၊ ကွမ်းခြံကုန်းမဲဆန္ဒနယ်**က ကွမ်းခြံကုန်းမြို့နယ်၊ တော်ကေး- ပီလခတ်ကျေးရွာချင်းဆက်လမ်းအား ကွန်ကရစ်လမ်းအဖြစ် အဆင့်မြှင့် တင်ပေးရန် မည်သည့်ဘဏ္ဍာရေးနှစ်တွင် ဆောင်ရွက်ပေးမည်ကို သိရှိလိုခြင်း မေးမြန်းပါသည်။ | **သမဝါယမနှင့်ကျေးလက်ဖွံ့ဖြိုးတိုးတက်ရေးဝန်ကြီးဌာန**က ကျောက်ချော လမ်းအဖြစ် ဆောင်ရွက်ပြီးပါက ရာသီမရွေးသွားလာနိုင်ပါသဖြင့် လတ်တလောတွင် ကွန်ကရစ်လမ်းအဖြစ် အဆင့်မြှင့်တင်ခြင်းလုပ်ငန်း အား ဆောင်ရွက်ပေးရန် အစီအစဉ်မရှိသေးပါကြောင်း ဖြေကြားပါသည်။ |
| ၁၂ | **ဦးသန်းဝင်းထွန်း၊ ရွှေဘိုမဲဆန္ဒနယ်**က ရွှေဘိုမြို့နယ်၊ ခွန်တောင်းကြီး ကျေးရွာအဝင်လမ်းအား အဆင့်မြှင့်တင်ရန်အတွက် နီးစပ်သော ဘဏ္ဍာ ရေးနှစ်တွင် ဆောင်ရွက်ပေးနိုင်ပါရန် သိရှိလိုခြင်း မေးမြန်းပါသည်။ | **သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးတိုးတက်ရေးဝန်ကြီးဌာန**က မြေပြင် ကွင်းဆင်းဆောင်ရွက်နိုင်မှုအခြေအနေ မရှိသေးပါသဖြင့် လတ်တလော ဆောင်ရွက်ပေးနိုင်ခြင်း မရှိသေးပါကြောင်း ဖြေကြားပါသည်။ |